## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## စက်မှုအင်ဂျင်နီယာဌာန
## အမှတ်(၅၅၇/၅၅၉)၊ကန္နားလမ်း၊ ဗိုလ်တထောင်မြို့နယ်
## ကန်ထရိုက်လုပ်ငန်းအတွက်ဈေးပြိုင်တင်ဒါဖိတ်ခေါ်ခြင်းကြော်ငြာစာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနမှ ဆီတွဲ(၅၃၇)ရေယာဉ် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသည်။ အထက်ပါလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့် ခန့်မှန်းခြေစာရင်းများကို တင်ဒါပုံစံတွင် ပူးတွဲထားပါသည်။ အထက်ပါလုပ်ငန်းအတွက် လုပ်ခနှုန်းထားများ၊ လုပ်ငန်းရှင်မှ စိုက်ထုတ် ဆောင်ရွက်ရမည့် ပစ္စည်းများ၏ နှုန်းထားများကို တွက်ချက်၍ တင်ဒါတင်သွင်းလွှာပုံစံတွင် ဖြည့်စွက်ပြီး ပစ္စည်းနှင့်လုပ်အားခ ဆိုဈေးနှုန်းများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ လုပ်ငန်းရှင်များသည် ဖော်ပြပါလုပ်ငန်းကို စိတ်ဝင်စားပါက သတ်မှတ်ထားသည့်ပုံစံတွင် ပစ္စည်းနှင့် လုပ်ခ ဆိုဈေးများကို တွက်ချက်ဖော်ပြ၍ စာအိတ်ဖြင့် ချိတ်ပိတ် တင်သွင်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရာတွင် ငွေကျပ် ၂၅၀,၀၀၀/-(ကျပ် နှစ်သိန်းငါးသောင်းတိတိ)ကို တင်ဒါ စပေါ်ငွေအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးသွင်းရမည်။ စပေါ်ငွေပေးသွင်းထားသည့် ငွေရပြေစာ မိတ္တူသို့မဟုတ် ချလံမိတ္တူအား တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည်။

၄။ ကန်ထရိုက်လုပ်ငန်းအတွက် တင်ဒါတင်သွင်းရာတွင် ပစ္စည်းနှင့်လုပ်အားခ ဆိုဈေးတင်သွင်းရမည့် ပုံစံများနှင့် တင်ဒါစည်းကမ်းချက်ပါစာရွက်စာတမ်းများကို ယနေ့မှစ၍ (၂၇ - ၁ - ၂၀၂၂) နေ့ရက် အတွင်း (ရုံးဖွင့်ရက်)ရုံးချိန်များ၌ ခေါင်းစည်းပါလိပ်စာတွင် တစ်စောင်လျှင် ၅၀၀၀/-ဖြင့် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တင်ဒါတင်သွင်းရမည့်ရုံးလိပ်စာနှင့် - နိုင်-လူ-တိုး သင်တန်းခန်းမ၊ ပထမထပ်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)

လိပ်မူရမည့်ပုဂ္ဂိုလ် - ဥက္ကဋ္ဌ၊တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ

( ခ ) စပေါ်ငွေပေးသွင်းရမည့်
နောက်ဆုံးနေ့ရက်/အချိန် - ( ၂၇ - ၁ - ၂၀၂၂ ) ရက် ( ၁၅ : ၀၀ ) နာရီ

နေရာ - စာရင်းဌာန(မြေညီထပ်)၊
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အမှတ်(၁၀)၊ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့

( ဂ ) တင်ဒါတင်သွင်းရမည့်
နောက်ဆုံးနေ့ရက်/အချိန် - ( ၂၈ - ၁ - ၂၀၂၂ ) ရက် ( ၁၃ : ၀၀ ) နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် - ( ၂၈ - ၁ - ၂၀၂၂ ) ရက် ( ၁၃ : ၀၀ ) နာရီ

နေရာ - နိုင်-လူ-တိုး သင်တန်းခန်းမ၊ ပထမထပ်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)
အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

၆။ တင်ဒါစိစစ်ရေးကော်မတီသည် ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် တင်ဒါတင်သွင်းလွှာကို ဖြစ်စေ၊ မည်သည့် တင်ဒါတင်သွင်းလွှာကိုဖြစ်စေ လက်ခံခြင်း မပြုသင့်ဟု ယူဆလျှင် ပယ်ဖျက်ခွင့်ရှိသည်။

၇။ အထက်ဖော်ပြပါလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ရုံးချိန်၌ သက်ဆိုင်ရာရုံးတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**